ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၄ ) ၂၀၂၆ ခုနှစ် မေလ ၁၅ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | နောက်မှ အကြံရ၍ ထုချေခြင်း (After Thoughts) | ၂ - ၄ |
| ၂။ | အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အသက် ၁၆ နှစ်အောက်ကလေးများကို အန္တရာယ်ကြီးမားသည့် ဒီဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုမှုမှ တားမြစ်သည့် စည်းမျဉ်းစည်းကမ်းတစ်ရပ် ချမှတ် | ၅ - ၆ |
| ၃။ | အလိုမတူခြင်းကို အလေးထားထည့်သွင်းသုံးသပ်သည့် မုဒိမ်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဥရောပပါလီမန်က တောင်းဆိုခြင်း | ၇ - ၉ |
| ၄။ | ပန်ဂျပ်အကျဉ်းထောင်များနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများ ဆိုင်ရာဥပဒေကြမ်းကို ပန်ဂျပ်ပြည်နယ်လွှတ်တော်က အတည်ပြုခြင်း | ၁၀-၁၂ |
| ၅။ | ထိုင်းနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လိုင်စင်ရယူရန် မလိုအပ်သော ဝန်ဆောင်မှု ၈ မျိုးအား ထည့်သွင်းဖော်ပြထားသည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်ခြင်း | ၁၃-၁၄ |

## နောက်မှ အကြံရ၍ ထုချေခြင်း (After Thoughts)

နောက်မှအကြံရ၍ ထုချေခြင်း(After Thoughts)ဆိုသည်မှာ စွပ်စွဲခံရသူဘက်မှ စွဲချက်မတင်မီ တရားလိုနှင့် တရားလိုပြသက်သေများအား စစ်ဆေးသည့်အဆင့်တွင် ၎င်းထုချေတင်ပြလိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ ပြန်လှန်မေးခွန်း မေးမြန်းခဲ့ခြင်းမျိုး မရှိဘဲ ၎င်းအား စစ်ဆေးသည့်အချိန်မှ ခုခံရေးလမ်းကြောင်းဆွဲကာ ခုခံချေပခြင်းကို ဆိုလိုပါသည်။ နောက်မှအကြံရ၍ထုချေခြင်းသည် တရားခံဘက်မှ လွယ်လင့်တကူဖန်တီးနိုင်သော အခွင့်အရေးမျိုးဖြစ်၍ တရားရုံးတော်၌ အမှုမှန်ပေါ်ပေါက်စေရေး ဆောင်ရွက်ရာတွင် တရားစီရင်ရေးမဏ္ဍိုင်အား များစွာယိမ်းယိုင်စေနိုင်ပါသဖြင့် အမှုအား စီရင်ဆုံးဖြတ်ရာတွင် လက်ခံသုံးသပ်ရန်မသင့်သော ထုချေချက်သာ ဖြစ်ပါသည်။အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးတော်မှ လက်ခံသုံးသပ်ရန် မသင့်ကြောင်းစီရင်ထုံးများတွင်လည်း လမ်းညွှန်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

**"ဦးတင်ထွဋ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆၊ တရားရုံးချုပ်၊ စာ-၁၉၂)"** အမှုတွင် "ပြစ်မှုတွင် တရားခံသည် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ တရားလိုအပေါ်၌ရှိသည်ဆိုခြင်းမှာ တရားစီရင်ရေးအခြေခံမူတစ်ရပ် ဖြစ်သည်။သို့ရာတွင် တရားခံက ၎င်း၏ခုခံကာကွယ်မှုလမ်းကြောင်းကိုတင်ပြလိုလျှင် တရားလိုပြသက်သေများကို စစ်ဆေးသည့်အချိန်ကပင် ပြန်လှန်မေးခွန်း မေးမြန်းခဲ့ရန်လိုသည်။တရားလိုပြသက်သေများကို စစ်မေးသည့်အခါက ၎င်း၏ခုခံမှုလမ်းကြောင်းကို မမေးခဲ့ဘဲ တရားခံဘက်က အစစ်ခံသည့်အခါမှ ခုခံချေပပါက အဆိုပါခုခံမှုသည် နောက်မှအကြံရ၍ ကြံစည်ထုချေခြင်းမျိုးဖြစ်သည်ဟု ယူဆရန်အကြောင်းရှိသည်"ဟု လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

ထို့အတူ **"မောင်စံသိန်း (ခ)မောင်သိန်းဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၉၊ တရားရုံးချုပ်၊ စာ-၂၈)"** စီရင်ထုံးတွင် "တရားခံတစ်ယောက်သည် ၎င်းပေးခဲ့သည့်ဖြောင့်ချက်ကို ရုံး၌ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ဖြောင့်ချက်ကို ရဲက ဖြားယောင်းသည့်အတွက် ပေးရသည်ဟု အစစ်ခံ

သည်။သို့သော် အမှုစစ်ဆေးသည့် အရာရှိကို စစ်ဆေးစဉ်က ထိုအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်း တစ်ပါဒမျှ မေးမြန်းထားခြင်း မရှိပေ။ထို့ကြောင့် ယင်းခုခံမှုသည် နောက်မှအကြံရ၍ ပြောဆိုခြင်း ဖြစ်သဖြင့် ရုံးက လက်မခံပေ”ဟု စီရင်ဆုံးဖြတ်ထားပါသည်။

ထို့နောက် **“ဦးအောင်ဖေနှင့် ဒေါ်ညွန့်ပါ (၂)ဦး (၁၉၇၈၊ ဗဟိုတရားရုံး၊ စာ- ၁၃၁)”** စီရင်ထုံးတွင် “လူ့သဘာဝအရ တစ်ဖက်သားအပေါ် တိကျသည့် စွပ်စွဲချက်ပြုခဲ့လျှင် ယင်းစွပ်စွဲချက်သည် မမှန်ပါက စွပ်စွဲခံရသူက ငြင်းဆန်ကန့်ကွက်မည်သာ ဖြစ်ပေသည်။ တစ်စုံတစ်ရာ ငြင်းဆန်ကန့်ကွက်ခြင်း မပြုဘဲ နောက်ပိုင်းကျမှ တင်ပြလာပါမူ ယင်းတင်ပြချက်သည် နောက်မှအကြံရ၍ လုပ်ကြံတင်ပြချက်သာ ဖြစ်သည်ဟု ယူဆရန်သာ ရှိပေသည်” ဟု ပြဋ္ဌာန်းထားပါသည်။

ထပ်မံ၍ **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် မင်းသူ (ခ) နိုင်းဖိုးပါ ၂ (၂၀၁၈ ခုနှစ်၊ မတစ၊ စာ -၂၂)”** စီရင်ထုံးတွင် “တရားခံများက အချင်းဖြစ်စဉ်က အချင်းဖြစ်နေရာတွင် ၎င်းတို့ မရှိကြောင်း သက်သေအား ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိသဖြင့် တရားခံများ၏ ထုချေချက်သည် နောက်မှ အကြံရ၍ ထုချေချက်ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်” ဟု အသီးသီးစီရင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

သမ္မန်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၄(၁) အရလည်းကောင်း၊ ဝရမ်းမှုများတွင် ယင်းကျင့်ထုံးဥပဒေပုဒ်မ ၂၅၂(၁) အရလည်းကောင်း တရားလိုဘက်စစ်မေးစဉ် တရားခံဘက်မှ ပြန်လှန်စစ်မေးသည့်အခွင့်အရေး ရရှိသကဲ့သို့ ယင်းကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆(၁) အရ ပြန်ခေါ် သက်သေစစ်မေးခြင်းအဆင့်တွင်လည်း တရားလိုဘက်မှ စွဲဆိုမှုအပေါ် ငြင်းဆန်ထုချေခွင့်ရှိရာ ယင်းကဲ့သို့ ဆောင်ရွက်မှုမပြုဘဲ တရားခံစစ်ဆေးမှသာ ခုခံချေပါက နောက်မှအကြံရ၍ ထုချေခြင်းသာဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

သို့ဖြစ်ပါ၍ တရားရုံးတော်ရှေ့၌ တရားလိုပြသက်သေများအား စစ်ဆေးသည့်အချိန်ကပင် တရားခံဘက်မှ ၎င်း၏ခုခံရေးလမ်းကြောင်းကို ပြန်လှန်မေးမြန်းခဲ့ခြင်းမရှိဘဲ နောက်မှအကြံရ၍

ခုခံရေးလမ်းကြောင်းဆွဲကာ ထုချေတင်ပြလာပါက အမှုလိုက်ဥပဒေအရာရှိများအနေဖြင့် ထိုအချက်အား ပေါ်လွင်ထင်ရှားစေရန် ရုံးတော်သို့ လျှောက်လဲတင်ပြရန် လိုအပ်၍ တင်ပြအပ်ပါသည်။

အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာန
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ရာဇဝတ်ကျင့်ထုံးဥပဒေ
- ဦးတင်ထွဋ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆၊ တရားရုံးချုပ်၊ စာ-၁၉၂)
- မောင်စံသိန်း(ခ)မောင်သိန်းဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(၁၉၆၉ တရားရုံးချုပ်၊စာ-၂၈)
- ဦးအောင်ဖေနှင့် ဒေါ်ညွန့်ပါ (၂)ဦး (၁၉၇၈၊ ဗဟိုတရားရုံး၊ စာ- ၁၃၁)
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မင်းသူ(ခ)နိုင်းဖိုးပါ ၂(၂၀၁၈ ခုနှစ်၊ မတစ၊ စာ - ၂၂)

## အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အသက် ၁၆ နှစ်အောက် ကလေးများကို အန္တရာယ်ကြီးမားသည့် ဒီဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုမှုမှ တားမြစ်သည့် စည်းမျဉ်းစည်းကမ်းတစ်ရပ် ချမှတ်

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အသက် ၁၆ နှစ်အောက် ကလေးများအတွက် အန္တရာယ်ကြီးမားသည့် ဝန်ဆောင်မှုအဖြစ် အမျိုးအစားသတ်မှတ်ထားသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုများတွင် အကောင့်ပြုလုပ်ခြင်းမှ တားဆီးနိုင်ရေး စည်းမျဉ်းစည်းကမ်းသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆက်သွယ်ရေးနှင့်ဒီဂျစ်တယ်ရေးရာဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် ဒီဂျစ်တယ်ပလက်ဖောင်းအချို့တွင် အရွယ်မရောက်သေးသူများ ဝင်ရောက်အသုံးပြုမှုနှင့်စပ်လျဉ်းသည့် ကန့်သတ်မှုများကို ဝန်ကြီးဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းအမှတ်(၉)ဖြင့် စတင်ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါစည်းမျဉ်းစည်းကမ်းသည် အသက် ၁၆ နှစ်အောက်ကလေးများကို အန္တရာယ်ကြီးမားသည့် ဒီဂျစ်တယ်ပလက်ဖောင်းများတွင် အကောင့်ပြုလုပ်ခြင်းကို တားမြစ်ထားသည်။ယင်းလုပ်ငန်းစဉ်ကို ၂၀၂၅ ခုနှစ်၊ အစိုးရ၏ စည်းမျဉ်းစည်းကမ်းအမှတ်(၁၇)အရ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုလုပ်ငန်းစဉ်တွင် ကလေးငယ်များအား အွန်လိုင်းစနစ်မှ အကာအကွယ်ပေးရန် ရည်ရွယ်သည့် အီလက်ထရောနစ်စနစ်များအပေါ် စီမံအုပ်ချုပ်မှုဆိုင်ရာစည်းကမ်းများကို သတ်မှတ်ထားသည်။

ထိုမူဝါဒသည် ညစ်ညမ်းစာပေနှင့်ရုပ်ရှင်၊ ဆိုက်ဘာခြိမ်းခြောက်မှု၊ အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများကို အလွန်အကျွံအသုံးပြုခြင်းတို့အပါအဝင် ဒစ်ဂျစ်တယ် ပတ်ဝန်းကျင်နှင့်ဆက်စပ်နေသော ဘေးအန္တရာယ်များကို လျှော့ချရန်ရည်ရွယ်သည်။

ဤစည်းမျဉ်းစည်းကမ်းအရ ပလက်ဖောင်းအော်ပရေတာများသည် အသက်ကန့်သတ်ချက်များကို လိုက်နာစေရန်တာဝန်ရှိပြီး အသက်မပြည့်သေးသည့် သုံးစွဲသူများက အန္တရာယ်ကြီးမားသည့်

ဝန်ဆောင်မှုများကို အသုံးပြုခြင်းနှင့် စာရင်းသွင်းခြင်းတို့မှ တားဆီးရန် နည်းပညာယန္တရားများကိုပါ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

တာဝန်ရှိသူများက ယင်းစည်းကမ်းချက်အသစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ၂၀၂၆ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ဒီဂျစ်တယ်ပလက်ဖောင်းများကလည်း ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းများနှင့်အညီ မိမိတို့စနစ်များကို ပြောင်းလဲရမည်ဖြစ်သည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Source:**

www.cadeproject.org

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃)

၂၀၂၆ ခုနှစ် မေလ ၁၅ ရက်

## အလိုမတူခြင်းကို အလေးထားထည့်သွင်းသုံးသပ်သည့် မုဒိမ်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဥရောပပါလီမန်က တောင်းဆိုခြင်း

ဥရောပပါလီမန်သည် ၂၈.၄.၂၀၂၆ ရက်နေ့တွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့ပါသည်။အဆိုပါ ဆုံးဖြတ်ချက်အရ ဥရောပကော်မရှင်အနေဖြင့် မုဒိမ်းမှုဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် “အလိုမတူခြင်းကို အလေးထားထည့်သွင်းသုံးသပ်သည့် မုဒိမ်းမှုအဖြစ်” အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရေးအတွက် တိုက်တွန်းထားပါသည်။

အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် လိုအပ်ရခြင်းမှာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသူများအား အခွင့်အရေးများရရှိစေရန်နှင့် ၎င်းဖြစ်ရပ်မှ ရရှိလာနိုင်သော ဆိုးဝါးသည့် စိတ်ပိုင်းဆိုင်ရာတုံ့ပြန်မှုများကို ထည့်သွင်းစဉ်းစားပေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။အဆိုပါဥပဒေမူဘောင်သစ်ကို ပြဋ္ဌာန်းရန် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၄၄၇ မဲ၊ ကန့်ကွက်မဲ ၁၆၀မဲ၊ ကြားနေမဲ ၄၃မဲဖြင့် ၂၀၂၆ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဥရောပပါလီမန်က အတည်ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

နှုတ်ဆိတ်နေခြင်း၊ ပြန်လည်ခုခံမှုမပြုခြင်း၊ ငြင်းဆိုမှုမရှိခြင်း၊ ယခင်က အလိုတူခြင်း၊ လိင်ပိုင်းဆိုင်ရာအပြုအမူများရှိခဲ့ခြင်း၊ လက်ရှိတွင်ဖြစ်စေ၊ ယခင်ကဖြစ်စေ ဆက်နွယ်မှုတစ်ခုခုရှိဖူးခြင်းတို့သည် သဘောတူရာ ရောက်သည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်မည် မဟုတ်ကြောင်း၊ အလိုမတူခြင်းကို အခြေခံသုံးသပ်သည့် မုဒိမ်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည်သာလျှင် တရားမျှတမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ပါလီမန်က အလေးအနက်ပြောကြားခဲ့ပါသည်။ထို့ပြင် ကြောက်လန့်လွန်း၍ ခန္ဓာကိုယ်တောင့်တင်းသွားခြင်း(Freeze)သို့မဟုတ် ကျူးလွန်သူစိတ်ကျေနပ်အောင် လိုက်လျောခြင်း (Fawn)ကဲ့သို့သော တုန်လှုပ်ခြောက်ခြား၍ တုံ့ပြန်သည့် အခြေအနေများကိုလည်း ဥပဒေနှင့်အညီ တရားစီရင်ရာတွင် ထည့်သွင်းစဉ်းစားရန် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

“ဥရောပနိုင်ငံများတွင် ပြဋ္ဌာန်းထားပြီး ဆန္ဒအလျောက်သဘောတူညီချက်မပါဘဲ ကာမဆက်ဆံမှုသည် မုဒိမ်းမှုဖြစ်သည်ဟူသည့် ပြဋ္ဌာန်းချက်သည် အမျိုးသမီးများအား အကာအကွယ်မပေးနိုင်ပါဟူသည့် နားလည်လက်ခံမှုကို ဥပဒေကြောင်းအရလည်းကောင်း၊ ကျင့်ဝတ်ပိုင်းအရလည်းကောင်း

လက်ခံနိုင်ဖွယ်မရှိကြောင်း” ဆွီဒင်နိုင်ငံမှ ကိုယ်စားလှယ် Evin Incir က ပြောကြားပါသည်။“၂၀၂၃ ခုနှစ်ကစပြီး ပြင်သစ်၊ ဖင်လန်၊ လူဇင်ဘတ်နဲ့ နယ်သာလန်နိုင်ငံများ၌ အလိုမတူခြင်းကို အခြေခံသုံးသပ်သည့် မုဒိမ်းမှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို စတင်ကျင့်သုံးနေပြီဖြစ်ပါသည်။အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်ဟာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနဲ့ အိမ်တွင်းအကြမ်းဖက်မှု တွေကို ကာကွယ်တားဆီးဖို့ ရည်ရွယ်တဲ့ အစ္စတန်ဘူလ် ကွန်ဗင်းရှင်း (Istanbul Convention)နဲ့ ကိုက်ညီပါကြောင်း အဆိုပါသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်မှာ ဥရောပသမဂ္ဂက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

အစ္စတန်ဘူလ်ကွန်ဗင်းရှင်း အပိုဒ် ၃၆/၂ အရ “သဘောတူညီချက်ဆိုသည်မှာ ပတ်ဝန်းကျင်အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ကာယကံရှင်၏ လွတ်လပ်တဲ့ဆန္ဒအရ မိမိအလိုအလျောက်သဘောတူညီချက်ပေးခြင်းမျိုး ဖြစ်ရမည်” ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသူများအား အရေးပေါ်ဆေးကုသမှု၊ စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးမှုနှင့် ဥပဒေအရ အကူအညီပေးခြင်း၊ ၂၄ နာရီပတ်လုံး အရေးပေါ်ကူညီရေးစင်တာများထားရှိခြင်း၊ ဘေးကင်းပြီး တရားဝင်သော ကိုယ်ဝန်ဖျက်ချခွင့် ရရှိစေခြင်းအပြင် ၂၀၂၆ခုနှစ် ဥရောပပါလီမန်က ထုတ်ပြန်သည့်အစီရင်ခံစာတွင် မုဒိမ်းမှုကျူးလွန်ခံရသူများနှင့် ထိတွေ့ဆောင်ရွက်ရသည့်တာဝန်ရှိသူများဖြစ်သည့် ရဲတပ်ဖွဲ့၊ တရားသူကြီး၊ အစိုးရရှေ့နေ၊ ရှေ့နေ၊ ကျန်းမာရေးဝန်ထမ်းများအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အစီအစဉ်ချမှတ်ခြင်းဖြင့် သင်တန်းများပေးခြင်း၊ အသိပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာပေးခြင်းများပြုလုပ်ရန် တိုက်တွန်းခဲ့ပါသည်။အလားတူလိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှု၊ စိတ်ဒဏ်ရာကုသစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးမှုတို့ကိုလည်း ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့ပါသည်။

ယခုအချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံအနက် ၁၇ နိုင်ငံသည် အလိုတူခြင်းကို အလေးထားထည့်သွင်းသုံးသပ်သည့် မုဒိမ်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို ထုတ်ပြန်ကျင့်သုံးလျက်

ရှိကြောင်း တွေ့ရှိရပါသည်။ယင်းဥပဒေမူဘောင်သစ်သည် ဥရောပသမဂ္ဂအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်လာခြင်း၊ ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ခြင်း၊ မှုခင်းမှု အစိပ္ပာယ်သတ်မှတ်ချက်တွင် အဓိကအချက်ဖြစ်သည့် ကျူးလွန်ခံရသူ၏ "သဘောဆန္ဒမပါရှိခြင်း" တို့ကို အလေးပေးစဉ်းစားခြင်းအား ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် ရည်ရွယ်ပါသည်။

ဥရောပနိုင်ငံများက အလားတူပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဥရောပကော်မရှင်က အဆိုပြုရန်နှင့် အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏သက်ဆိုင်ရာဥပဒေများကို ဆောလျင်စွာ ပြင်ဆင်ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ဤလုပ်ဆောင်ချက်သည် ဥရောပတစ်ဝန်းရှိ အမျိုးသမီးများနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရသူများအတွက် ပိုမိုဘေးကင်းပြီး တရားမျှတသော လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ရည်ရွယ်သည့် သမိုင်းဝင်ခြေလှမ်းတစ်ခု ဖြစ်သည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာန
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/05/eu-parliament-calls-for consent-based-rape-laws/

https://www.europarl.europa.eu/news/en/pressroom/20260423IPR41832/rape-must-be-defined-based-on-the-absence-of-consent-in-all-eu-countries

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃)    ၂၀၂၆ ခုနှစ် မေလ ၁၅ ရက်

## ပန်ဂျပ်အကျဉ်းထောင်များနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများဆိုင်ရာ ဥပဒေကြမ်းကို ပန်ဂျပ်ပြည်နယ်လွှတ်တော်က အတည်ပြုလိုက်ခြင်း

အကျဉ်းထောင်စီမံခန့်ခွဲမှုစနစ်နှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများကို ခေတ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ရည်ရွယ်လျက် ပန်ဂျပ်ပြည်နယ် လွှတ်တော်သည် “ပန်ဂျပ်အကျဉ်းထောင်များနှင့် ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများဆိုင်ရာ ဥပဒေကြမ်း၂၀၂၆”ကို ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်( သောကြာနေ့ )တွင် အတည်ပြုလိုက်ကြောင်း ပန်ဂျပ်ပြည်နယ်၊ အကျဉ်းထောင်များရေးရာဝန်ကြီး Dr Ravjot Singh က ပြောကြားခဲ့ပါသည်။

**ပန်ဂျပ်အကျဉ်းထောင်များနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများဆိုင်ရာဥပဒေတွင်**

- အကျဉ်းသားများအား ချုပ်နှောင်ထားရှိရာ၌ ဘေးကင်းလုံခြုံမှုရှိစေရန်၊
- အကျဉ်းသားများအား ပညာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စိတ်ကျန်းမာရေး ဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရန်၊
- အကျဉ်းထောင်လုံခြုံရေးကို ခေတ်မီနည်းပညာများဖြင့် တိုးမြှင့်နိုင်ရန်၊
- အကျဉ်းထောင်များအား “ချုပ်နှောင်ရာနေရာများ”အဖြစ်မှ “ပြုပြင်ပြောင်းလဲရေး၊ ပြန်လည်ကုစားရေးနှင့် အကျဉ်းသားများအား လူမှုအသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆံ့နိုင်ရေးဆိုင်ရာစင်တာများ” အသွင်သို့ ပြောင်းလဲရန်စသည့် အချက်များအား အဓိကရည်ရွယ်၍ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ယင်းဥပဒေတွင် -

- **အကျဉ်းသားပြုပြင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍** - အကျဉ်းသားများအား စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပေးခြင်းအားဖြင့် အကျဉ်းသားများကို ဥပဒေလိုက်နာသော နိုင်ငံသားများအဖြစ် လူမှုအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရန် ကူညီပေးခြင်း၊
- **အကျဉ်းသား ခွဲခြားစနစ်နှင့်စပ်လျဉ်း၍** - အကျဉ်းသားများကို အသက်၊ ကျား/မ၊ ပြစ်မှုအမျိုးအစားတို့အလိုက် ခွဲခြားစီမံထားခြင်း၊

- **အားနည်းသည့်အကျဉ်းသားများကို အကာအကွယ်ပေးမှုနှင့်စပ်လျဉ်း၍** - အထူးစောင့်ရှောက်မှု လိုအပ်သူများဖြစ်ကြသည့် အမျိုးသမီးအကျဉ်းသူများ၊ လိင်ပြောင်းအကျဉ်းသားများ၊ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများအတွက် သီးသန့်အစီအစဉ်များ ထည့်သွင်းထားခြင်း၊
- **လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင်များနှင့်စပ်လျဉ်း၍** - အန္တရာယ်ကြီးသော ရာဇဝတ်သားများနှင့် ဖွဲ့စည်းထားသည့် ရာဇဝတ်ဂိုဏ်းဝင်များကို ထိန်းသိမ်းရန်အတွက် သီးခြားဇုန်များအား အမျိုးအစားခွဲကာ တည်ထောင်ထားခြင်းတို့ကိုလည်း ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါသည်။

အကျဉ်းထောင်များတွင် AI အခြေပြု စောင့်ကြည့်စနစ်များအသုံးပြုခြင်း၊ Biometric Identificationစနစ် ထည့်သွင်းအသုံးပြုခြင်း၊ခေတ်မီစစ်ဆေးရေးစက်များ အသုံးပြုကာ အကျဉ်းထောင်လုံခြုံရေးအား တိုးမြှင့်ထားခြင်း စသည့်ပြဋ္ဌာန်းချက်များအား ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ ပြင်ဆင်ပြဋ္ဌာန်းထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ထို့ပြင် ပန်ဂျပ်ပြည်နယ်လွှတ်တော် အနေဖြင့် ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခြင်းအားဖြင့် -

- အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်နိုင်မှုမြင့်မားလာခြင်း၊
- အကျဉ်းထောင်အတွင်းတွင် မူးယစ်ဆေးဝါးနှင့်အခြားရာဇဝတ်မှုများ ကျူးလွန်လာနိုင်ခြင်း မရှိအောင် ထောင်အတွင်းလုံခြုံရေးတိုးတက်လာခြင်း၊
- အားနည်းသောအကျဉ်းသားများ အတွက် အထူးကာကွယ်စောင့်ရှောက်မှုများ ပါဝင်သဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းလာနိုင်ခြင်း
- ပြုပြင်ပြောင်းလဲပြီးသော အကျဉ်းသားများ လူမှုအသိုင်းအဝိုင်းထဲ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် ရာဇဝတ်မှုနှုန်း လျော့ကျလာနိုင်သည့်အပြင် လူမှုဘဝတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၃)
၂၀၂၆ ခုနှစ် မေလ ၁၅ ရက်

နိဂုံးချုပ်အားဖြင့် အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ်တွင် လက်ရှိကျင့်သုံးနေသည့် ကိုလိုနီခေတ် အကျဉ်းထောင်များဆိုင်ရာဥပဒေသည် ယနေ့ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် အတွက် လုံလောက်မှုမရှိသည့်အပြင် ခေတ်နှင့်လိုက်လျောညီထွေမှုမရှိကြောင်း အာဏာပိုင်များက လေ့လာတွေ့ရှိရသဖြင့် ပန်ဂျပ်အကျဉ်းထောင်များနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများဆိုင်ရာ ဥပဒေအား ခေတ်နှင့်အညီ ပြည့်စုံစွာ ပြင်ဆင်ရေးဆွဲခဲ့ခြင်းကြောင့် အဆိုပါ ဥပဒေသည် နိုင်ငံအတွက် အပြုသဘောဆောင်သည့် ကောင်းမွန်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် အဆိုပါဥပဒေတွင် အကျဉ်းထောင်များနှင့်စပ်လျဉ်း၍ လုံခြုံရေးအားကောင်းစေရန် ထည့်သွင်း ရေးဆွဲထားခြင်း၊ အကျဉ်းသားများအား ပြုပြင်ပြောင်းလဲရေးဆိုင်ရာရည်ရွယ်ချက်များဖြင့် ထည့်သွင်း ပြဋ္ဌာန်းခဲ့ခြင်းတို့ကြောင့် ပန်ဂျပ်ပြည်နယ်အစိုးရအနေဖြင့် အဆိုပါဥပဒေပြဋ္ဌာန်းချက်များအား တိတိ ကျကျ လိုက်နာဆောင်ရွက်မည်ဆိုပါက ကောင်းကျိုးများစွာ ရရှိနိုင်မည့်ဥပဒေတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရ၍ ယင်းဥပဒေကဲ့သို့ပင် အခြားနိုင်ငံများတွင်လည်း အကျဉ်းထောင်၊ အကျဉ်းသားများနှင့် စပ်လျဉ်း၍ ခေတ်နှင့်လျော်ညီသော ဥပဒေများအား ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းကြရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်-**

https://www.timesofindia.indiatimes.com/city/chandigarh/house-passes-prisons-correctional-services-bill-2026-to-ensure-safe-custody-ofinmates/articleshow/130684233.cms

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃) ၂၀၂၆ ခုနှစ် မေလ ၁၅ ရက်

## ထိုင်းနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လိုင်စင်ရယူရန် မလိုအပ်သော ဝန်ဆောင်မှု ၈ မျိုးအား ထည့်သွင်းဖော်ပြထားသည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်ခြင်း

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် စီးပွားရေးလုပ်ငန်းအတွက် အရေးအကြီးဆုံးဖြစ်သည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်ရန်အတွက် ၂၀၂၆ ခုနှစ် မေလ ၁၂ ရက်တွင် အတည်ပြုခဲ့သည်။အဆိုပါနိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေပြင်ဆင်ချက်သည် ထိုင်းနိုင်ငံ၏ဆက်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုဈေးကွက်များသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ဝင်ရောက်ဆောင်ရွက်ရာတွင် ကနဦးလိုင်စင်မလိုအပ်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဝန်ဆောင်မှုကဏ္ဍ ၈ ခုကို ထပ်မံဖွင့်လှစ်ပေးရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ဆက်သွယ်ရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာထောက်ပံ့သည့် ဝန်ဆောင်မှုများ၊ ပြည်တွင်းကြွေးမြီ အာမခံဝန်ဆောင်မှုလုပ်ငန်းများ၊ အဆောက်အဦငှားရမ်းခြင်း၊ ရေနံတူးဖော်ခြင်းဝန်ဆောင်မှုများ၊ လုံခြုံရေးနှင့် ငွေလဲလှယ်ရေးအက်ဥပဒေအောက်ရှိ အခြားလုပ်ငန်းများနှင့် နောင်တွင် ချုပ်ဆိုမည့် စာချုပ်များအတွက် ကိုယ်စားလှယ်များ၊ အရောင်းကိုယ်စားလှယ်များ၊ အကြဲပေးများ သို့မဟုတ် ရန်ပုံငွေဆိုင်ရာမန်နေဂျာများ စသည့်ဝန်ဆောင်မှု ၈မျိုးအား နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင် ရယူရန် မလိုအပ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါအက်ဥပဒေ ပြင်ဆင်ချက်သည် အကျိုးသက်ရောက်မှု မရှိသေးချိန်တွင် အထက်ပါဝန်ဆောင်မှု ၈ မျိုးအတွက် လုပ်ငန်းဆောင်ရွက်လိုသော နိုင်ငံခြားရှယ်ယာအများစု ပိုင်ဆိုင်သည့် ကုမ္ပဏီများသည် နိုင်ငံခြားစီးပွားရေးလိုင်စင် Foreign Business License (FBL) ကို လျှောက်ထားရမည်ဖြစ်ပြီး၊ ယင်းလျှောက်ထားမည့်လုပ်ငန်းစဉ်မှာ ပုံမှန်အားဖြင့် ရက်ပေါင်း ၆၀ မှ ၉၀ အထိကြာမြင့်မည်ဖြစ်ကြောင်း၊ထိုသို့လျှောက်ထားခြင်းကို သက်ဆိုင်ရာကော်မတီမှ ပြန်လည်သုံးသပ်ခြင်းပြုလုပ်မည်ဖြစ်ပြီး ဥပဒေပြင်ဆင်မှုကြောင့် ကုမ္ပဏီများသည် FBL ခွင့်ပြုချက်ကို စောင့်ဆိုင်းရန်မလိုဘဲ ထိုင်းနိုင်ငံတွင် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ပုံတင်ကာ လုပ်ငန်း စတင်လည်ပတ်

နိုင်မည်ဖြစ်သဖြင့် ဈေးကွက်ထဲသို့ ပိုမိုမြန်ဆန်စွာ ဝင်ရောက်နိုင်ခြင်း၊ FBL အတွက် အစိုးရအခကြေးငွေ လိုအပ်မှု မရှိတော့ခြင်း၊ လိုင်စင်နှင့်ချိတ်ဆက်ထားသော နှစ်စဉ်မတည်ငွေ အရင်းအနှီးထည့်သွင်းရမည့် အစီအစဉ် မလိုအပ်ခြင်း၊ ဥပဒေအကြံပေးလုပ်ငန်း(legal advisory work)ကို လျှော့ချနိုင်ခြင်း စသည့် ကုန်ကျစရိတ်များ နည်းပါးခြင်း၊ နိုင်ငံတကာကုမ္ပဏီများသည် ယခင်က မသေချာသော စည်းမျဉ်းဥပဒေများကြောင့် နိုင်ငံပြင်ပသို့ ရွှေ့ထားရသော ဒေသတွင်းဘဏ္ဍာရေး၊ HR နှင့် IT လုပ်ငန်းဆောင်တာများကို ထိုင်းနိုင်ငံအတွင်း ဗဟိုပြုလုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် မဟာဗျူဟာပိုင်းဆိုင်ရာ လွတ်လပ်မှုတို့ကို ပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သို့သော် လုပ်ငန်းကဏ္ဍအလိုက် လိုင်စင်များသည် ဆက်လက်လိုအပ်နေမည်ဖြစ်ပြီး ဥပမာ - ဆက်သွယ်ရေးလုပ်ငန်းများသည် NBTC licence လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် Treasury Center သည် Bank of Thailand၏ စံသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး Petroleum Drilling သည် Department of Mineral Fuels ၏စည်းမျဉ်းအောက်တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ထို့ကြောင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကိုပြင်ဆင်ချက်သည် နိုင်ငံခြားသားများအတွက် သီးသန့်ခွင့်ပြုချက်ရယူရန် လိုအပ်မှုကိုသာ ဖယ်ရှားပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လိုင်စင်ရယူရန် လိုအပ်ချက်ကို ဖယ်ရှားပေးခြင်း မဟုတ်ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://lexbangkok.com/thailand-foreign-business-act-amendment-2026/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

